Australian Government

Department of Home Affairs

# Information to be provided to a detainee about identification tests

# ထိန်းသိမ်းခြင်းခံထား ရ တဲ့ သင် မည်သူမည်ဝါ ဖြစ်သလဲဆိုတဲ့ စစ်ဆေး မှု

Form **1247i MYA** MYANMAR

၁၉၅၈ခုနှစ် *Migration Act 1958* လူဝင်မှုကြီးကြပ်ရေး အက် ဥပဒေ အရ၊ အာဏာပိုင်တဦး အနေနှင့်၊ နိုင်ငံသား မဟုတ်သည့်ထိန်းသိမ်းခံထားရ သူ ထံ မှ အောက်ပါ ကိုယ်ပိုင် အချက်အလက်များကို ရယူရန်လိုအပ် ပါမည်။

- လက်ဗွေများ၊လက်မလက်ချောင်းဗွေများ (မှင်ဖြင့်ယူ၍ စက္ကူများပေါ်တွင်နှိပ်ယူခြင်းအပါအဝင် ဒီဂျစ်တယ်၊ စကန်ရိုက်ယူခြင်းများပါဝင်သည်);
- အဆိုပါပုဂ္ဂိုလ် ၏ အရပ်အတိုင်းနှင့် အလေးချိန် အတိုင်း
- အဆိုပါပုဂ္ဂိုလ် ၏ မျက်နှာနှင့်ပုခုံးပါဝင်သည့် ဓါတ်ပုံ
- အဆိုပါပုဂ္ဂိုလ် ၏ ထိုးမြဲလက်မှတ်
- ၁၉၉၄ လူဝင်မှု စည်းမျဉ်းထုတ်ပြန်ချက်အရ လိုအပ်သည့် သတ်မှတ်ချက်များ

**မှတ်ချက်။** မည်ကဲ့သို့သော ကိုယ်ပိုင် ပုဂ္ဂလိကဆိုင်ရာ အထောက် အထားများကို ပြ ရမည်ဆိုသည့် သတ်မှတ် ချက် ကို သက်ဆိုင်ရာ အာဏာပိုင် ကဆုံးဖြတ်သွားမည်ဖြစ်သည်။

သင်မည်သူမည်ဝါဖြစ်သည်ကို သတ်မှတ်ခွဲခြားနိုင်ရန် ပြည်ထဲရေးဌါန(ဌါန) Department of Home Affairs (the Department) ကသင့်၏ကိုယ်ပိုင် ပုဂ္ဂလိကဆိုင်ရာ အထောက် အထားများ လိုအပ်သည်။

## သင့်ရဲ့ ကိုယ်ပိုင်မှတ်ပုံတင် နဲ့ သင့်ကို ခွဲ ခြား သိနိုင် တဲ့ အထောက်အထားတွေကို ပြည်ထဲရေးဌါန (ဌာန) က ဘယ်လို ရ ရှိ နိုင်သလဲ?

လူဝင်မှု ကြီးကြပ်ရေး အက် ဥပဒေ အရ၊ လူတဦး ၏ မည်သူ ဖြစ်သည် ကို စီစစ် ရာ တွင်၊ ရက်စက်သော၊ လူမဆန်သော၊ အောက်တန်းကျ သည့် ပုံစံမျိုး၊ လူသားခြင်း စာနာမှု ကင်းမဲ့ ခြင်း၊ လူ့ဂုဏ် သိက္ခာ ထိ ခိုက်ခြင်း လုံးဝ မရှိ ဘဲ စီ စစ် ရမည်။

## သင်မည်သူမည်ဝါဖြစ်သည်ကို အောက်ပါ အတိုင်း စစ်ဆေးမည်

- လူဝင်မှုကြီးကြပ်ရေး အက် ဥပဒေ အရ တာဝန်ပေးထားခြင်း ရှိ သူ စစ်ဆေးမည်[1]
- သင်တောင်းဆိုထားသည့်အတိုင်း လိင်တူသည့် တာဝန်ပေးထားခြင်း ရှိ သူ စစ်ဆေးမည်
- သင်၏တောင်းဆိုမှု အတိုင်း သီးသန့် လွတ်လပ်သည့် ပုဂ္ဂိုလ် တဦးရှေ့မှောက်တွင်၊ ၎င်း ပုဂ္ဂိုလ် ကလဲ လိုအပ်သည့်နေရာ နဲ့ အချိန်မှာ စစ်ဆေးမှု မှာ ပါဝင်ဖို့ ဆန္ဒရှိ တယ်ဆို ရင် (အရွယ်မပြည့်သေးတဲ့ ကလေးဖြစ်ပါက၊ မိဘ၊ အုပ်ထိန်းသူ၊ သို့မဟုတ်သီးသန့် လွတ်လပ်သည့် ပုဂ္ဂိုလ် တဦးရှေ့မှောက်တွင် စီစစ် ရမှာ ဖြစ်ပါတယ်။)[2]
- အကယ်၍ အဓမ္မ စစ်ဆေးမှုလိုအပ်လျှင်၊ သီးသန့် လွတ်လပ်သည့် ပုဂ္ဂိုလ် တဦးရှေ့မှောက်တွင် စစ်ဆေးမည်
- သင့်အတွက် ပုဂ္ဂိုလ် ရေးအရလုံခြုံသည့်နေရာမှာ စစ်ဆေး မည်

အကယ်၍ တာဝန်ကျ အရာရှိ သာ ရှိ ဖို့ လို အပ်တဲ့ စစ်ဆေး မှု ဖြစ်ခဲ့ မယ်ဆို ရင်၊ သင်နဲ့ လိင်ခြင်းမတူ တဲ့သူရှေ့မှောက် မှာ မစစ်ဆေး ဖို့ တောင်းဆိုခဲ့ ရင်၊ တောင်းဆိုထားတဲ့ အတိုင်း တတ်နိုင်သရွေ့ဆောင် ရွက်ပေးမှာ ဖြစ်ပါတယ်။

## အဲဒါအပြင်

- သင့်ရဲ့မည်သူမည်ဝါမှန်း စစ်ဆေးမှုမှာ တချို့သော အခြေအနေ တွေ မှာ ဗီဒီယို ရိုက်ကူးမှတ်ပုံတင်မှာ ဖြစ်တယ်။
- တာဝန်ကျ အရာ ရှိက စစ်ဆေးနေချိန် အတွင်း တခြားလုပ်ဖေါ်ကိုင်ဖက် တဦးဦးကို စစ်ဆေး မှု မှာ ကူညီပေးဖို့ တောင်းဆို နိုင်ပါတယ်။

## ထပ်မံ စစ်ဆေး ခြင်း

သင့်အနေနဲ့ မည်သူမည်ဝါဖြစ်သည်ကို တာဝန်ကျ အရာရှိ က၊ မကျေနပ်လျှင်၎င်း၊ ပေးလိုက်သည့် မည်သူမည်ဝါဆိုသည်ကို အယုံအကြည် မရှိလျှင်၎င်း၊ နောက်ထပ်တကြိမ် မ က စစ်ဆေး နိုင်သည်။

ဒါ့အပြင်၊ သင် မည်သူမည်ဝါဖြစ်သည်ကို၊ နောက်ထပ် တကြိမ် ထပ်ပြီးတောင်းခံ စစ်ဆေး နိုင်သည်။ မည်သူမည်ဝါဖြစ်သည်ဆိုသည့် ပထမတကြိမ်တွင် ရခဲ့တဲ့ အချက်အလက်များ အသုံးချ၍မရပါက ပြန်လည်စစ်ဆေးနိုင်သည်။ ပြန်လည်စစ်ဆေးဖို့ အတွက် တာဝန်ကျ အရာရှိ က အထက် အရာရှိ ခွင့်ပြုချက် ရယူ ရမည်ဖြစ်သည်။

## စကားပြန် ရ ရှိ ခွင့်

မည်သူမည်ဝါဖြစ်သည်ကို စစ်ဆေး ရန်၊ သင့် အနေနဲ့ ပေး ရမှာ ဖြစ်တဲ့ အကြောင်း အရာ တွေကို ပေး ဖို့ နားလည်နိုင် အောင် စကားပြန် လို အပ်လျှင် ခေါ်ပေးမည်။ စကားပြန် ကို ဖုံးကနေ တဆင့် ပေး ကောင်းပေး နိုင်ပါတယ်။

## လူဝင်မှုကြီးကြပ်ရေး ဌါန က ဘယ်အတွက် ပုဂ္ဂလိက မည်သူမည်ဝါဖြစ်သည်ကို စစ်ဆေး ရ သနည်း ?

လူဝင်မှုကြီးကြပ်ရေး ဌါန အနေနဲ့ ၁၉၉၄ခုနှစ် လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေအရ ပုဂ္ဂလိကဆိုင်ရာ မည်သူမည်ဝါဖြစ်သည်ကို အောက်ပါ အကြောင်း ရင်းများ ကြောင့် စစ်ဆေးပိုင်ခွင့် အာဏာ ရှိ ပါတယ်။

- မည်သူမည်ဝါဖြစ်သည်၊ ၎င်းအတိုင်း စစ်မှန်သည် မစစ်မှန်သည်ကို စစ်ဆေး ရန်
- ခိုလှုံခွင့် လျှောက်ခြင်း၊ ဗီဇာလျှောက်ခြင်း များတွင် ဌါန အနေဖြင့် ပေးသင့်မသင့် စီစစ်ရာတွင် အဆင်ပြေ ရန်
- ဩစတြေးလျ နိုင်ငံသား မဟုတ်သူများ ရာဇဝင်မှုကျူးလွန်ခြင်းမှတ်တန်းရှိ ခဲ့သူများ၊ အမျိုးသားလုံခြုံရေး ထိခိုက်နိုင်ဖွယ်ရှိသူများ၊ အကျင့်စာရိတ္တ မကောင်းသူများ ရဲ့ ကိုယ်ရေးရာဇဝင်မှတ်တန်း ရယူ နိုင် ရန်အတွက် အထောက်အကူပြု ရန်ဖြစ်ပါတယ်။
- လူဝင်မှုကြီးကြပ်ရေး ဆိုင် ရာ စာရွက်စာတန်းအတု ပြုလုပ်မှုများ ကို တိုက်ဖျက်ရန်
- ခိုလှုံခွင့်ဗီဇာ လိုအပ်တဲ့ လျှောက်ထားသူများ အနေနဲ့ ၎င်း၊ ဩစတြေးလျ နိုင်ငံကိုမရောက်မီ ခိုလှုံခွင့် လျှောက် ထားသူ အနေနဲ့ လုံလောက်တဲ့ လုံခြုံမှု ရ ရှိ နိုင် ရန် အတွက် ၎င်း
- ပြည်နှင်ဒါဏ်သင့် သူ များ အနေနှင့် မည်သူမည်ဝါ ဖြစ်သည်ကို အစိုးရ အနေနဲ့ မှန်ကန်မှု ရ ရှိ ဖို့

## သင့်ရဲ့ ပုဂ္ဂိုလ် ရေး ရာ

သင့် ပုဂ္ဂိုလ် ရေးရာကို ဌါနက လေးစားပါတယ်။ သင့် ကိုယ်ပိုင် အကြောင်း အရာကိစ္စ တွေကို မည်ကဲ့သို့ အသုံးချ သည့် အပေါ်မူတည်ပြီး၊ သင့် ဘဝ အပေါ် သက်ရောက်မှု ရှိ နိုင်ပါတယ်။ သင့်အကြောင်းအရာ အားလုံး တိကျ မှန်ကန် အဆက်အစပ်ရှိ ဖို့ လိုအပ်ပါတယ်။ သင့်အကြောင်း အရာ တွေ ဟာ ဌါန အတွက် လိုအပ်ချက် အတွက် သာ အသုံး ပြု မှာဖြစ်တယ်ဆိုတာ ကို သိ ထားဖို့ အရေးကြီးပါတယ်။

သင့် ပုဂ္ဂိုလ် ရေး အကြောင်းအရာများ စုစည်းထားရှိမှု၊ ရယူမှု၊ သိမ်းစည်းမှု၊ နှင့် မည်ကဲ့သို့သော သူ ကို သာ ဖေါ်ပြမည် ဆိုသည့် စည်းကမ်းသတ်မှတ်ချက်များ ချထားပြီး ဖြစ်ပါ တယ်။ ဌါနတွင်း စည်းကမ်း များကို လဲ စောင့်ကြပ် မှုများ ထား ရှိ ပြီး သင့် ပုဂ္ဂိုလ် ရေး အကြောင်းအရာများ ကို လုံခြုံစွာ လျှို့ဝှက်သိမ်းစည်းထားပါတယ်။

## ပုဂ္ဂိုလ် ရေး အကြောင်းအရာ များ လုံခြုံမှုဆိုင်ရာ အရေးကြီးသော သတင်းအချက်အလက်

သင်၏ ပုဂ္ဂိုလ်ရေး အကြောင်းအရာများကို ဌါန က ကောက်ယူ သိမ်းဆည်းသည့် အခါ *Privacy Act 1988* လျှို့ဝှက်စွာသိမ်းဆည်းခြင်းအက်ဥပဒေ ပုဂ္ဂလိက လုံခြုံရေး မူဝါဒ အချက် ၁၃ ချက် ဖြင့်ထိန်းချုပ် ၍ ကောက်ယူ ကိုင်တွယ် သည်။

ပုဂ္ဂလိက အကြောင်းအချက် များ ကို မည် ကဲ့သို့ ကောက်ယူခြင်း၊ အသုံးပြုခြင်း၊ နှင့် ထုတ်ဖေါ်ပေးခြင်း ဖြစ်သည့် အဓိက ကျသည့် လုပ်ဆောင်မှု များ ကို ပုံစံ 1442i *Privacy notice* လျှို့ဝှက်စွာသိမ်းဆည်းခြင်း အကြောင်း ကြားလွှာ ပုံစံ တွင်တွေ့ ရှိ နိုင်သည်။ ဌါန ၏ အထွေထွေ အကြောင်း အရာ များ နှင့် ပတ်သက်သည့် လုပ်ကိုင်ဆောင်ရွက် သည့် ပုံစံ (1442i *Privacy notice* လျှို့ဝှက်စွာသိမ်းဆည်းခြင်း အကြောင်း ကြားလွှာ ပုံစံ) အပါ အဝင် ဌါန ၏ လျှို့ဝှက်စွာ ထိန်းသိမ်း ထားသည့် မူဝါဒ ကို ဌါန ၏ ဝဘ်ဆိုက်တွင်တွေ့ ရှိ နိုင်သည်။ **https://www.homeaffairs.gov.au/access-and-accountability/our-commitments/privacy**

## မည်သည့် ဌါန များ သို့ သင့် အကြောင်း အရာများကို အကြောင်း ကြား နိုင်ပါ သနည်း

လူဝင်မှုကြီးကြပ်ရေး အနေနှင့် သင့်အကြောင်း အရာမျာကို အခြားအစိုးရ ဆိုင်ရာ ဌါန များ ဖြစ်တဲ့ ဥပဒေ ကြောင်းဆိုင်ရာ ဌါန၊ ကျမ်းမာရေး ဌါန၊ နှင့် သင် မည်သူ မည်ဝါ ဖြစ်သည်ကို စီစစ်ရန်လို အပ်သည့် ဌါန များသို့ဖေါ်ထုတ်ပေး နိုင်သည်။ လူဝင်မှု ကြီးကြပ်ရေး ဌါန ရှိသင့် အကြောင်း အရာ များသည် နောင်တွင် သင်၏ တရားဝင် မှတ်တမ်း များ ဖြစ်သွားမည်။

© COMMONWEALTH OF AUSTRALIA, 2021

နိုင်ငံတကာသဘောတူညီချက်များကို လိုက်နာသော တိုင်းပြည် အများအပြားနှင့် နိုင်ငံတကာ သတင်းအချက် အလက် လဲလှယ် ရေးတွင် ဤဌာနက ပါဝင်ပတ်သက်သည်။ ထိုသတင်း အချက် အလက်များ လဲလှယ်ရေးတွင် မျက်နှာ ဓါတ်ပုံများနှင့် လက်ဗွေများအပါအဝင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက် များလည်းပါဝင်သည်။ အကြောင်းအချက် များ ပိုမိုသိလိုပါကဌါန ၏ ဝဘ်ဆိုက် သို့သွားရောက်လေ့လာနိုင်သည်။ **https://immi.homeaffairs.gov.au/help-support/meeting-our-requirements/biometrics**

လူဝင်မှုကြီးကြပ်ရေး ဌါန သည် ဗြိတိန်၊ အမေရိကန်၊ ကနေဒါ၊ နျူးဇီလန် နိုင်ငံ အပါ အဝင် နိုင်ငံတချို့ နှင့် အပြည်ပြည်ဆိုင် ရာ သတင်း အချက်အလက် ဖလှယ်မှု သဘောတူညီ ချက်များရှိ သည်။ ၎င်းတို့မှာ လူဝင်မှု ကြီးကြပ်ရေးဌါ န စုဆည်းထားသည့် ကောက်တန်းများ ဖြစ်သည့် ဓါတ်ပုံ များ လက်ဗွေများ ပါဝင် နိုင်သည်။ ဤကဲ့သို့ နိုင်ငံအခြင်းခြင်း အကြောင်း အရာများ ဖလှယ် ရာ တွင် သင့် အကြောင်း အရာများ ကိုက်ညီမှု များ ရှိ ခဲ့ လျှင် ဤဌါန မှ သင် ၏ ပုဂ္ဂိုလ် ရေး ရာဇဝင်များ၊ ခရီးသွား မှတ်တန်းများ၊ အခြားမှတ်ပုံတင် စာရွက်စာတန်းများ၊ သင် ၏ လူဝင်မှုကြီးကြပ် ရေး အခြေ အနေနှင့် ရာဇဝင် မှ အစ ထုတ်ဖေါ်ဝေဝ နိုင်ပြီး၊ (သင့် အနေ နှင့် လူဝင်မှု ကြီးကြပ် ရေး ဆိုင် ရာ ရာဇဝင်မှု ကျူးလွန်မှု ရှိ ခဲ့ လျှင်လဲ ထည့်သွင်း မျှဝေ နိုင်သည်)။ ထို့ အပြင် လူဝင်မှု ကြီး ကြပ်ရေး အတွက် ပြစ်မှု ဆိုင် ရာ ရာဇဝင် ကို လဲ ပေး နိုင်သည်။ ဤ ကဲ့သို့ အကြောင်း အရာများ ဖလှယ် ခြင်း အား ဖြင့် သင့် အနေ နှင့် အခြား ဌါန များ သို့ တခုတည်းသော မှတ်ပုံတင် နှင့် လျှောက်လွှာ များ တင် ထားခြင်း ရှိ မရှိ ကိုဖေါ်ထုတ် နိုင်သည်။

သင်၏ပုဂ္ဂိုလ်ရေးအချက်အလက်များကို ထုတ်ဖေါ်ထား နိုင်သည့် အခြေအနေနှင့်ပတ်သက်ပြီး နောက်ထပ် အကြောင်း အရာ များ သိလို ပါက ဖေါင် 1243i *Your personal identifying information (သင် မည်သူ မည်ဝါ ဖြစ်သည်ဆို သည့် ကိုယ်ပိုင် အကြောင်း အရာများ)* ဌါန ၏ ဝဘ်ဆိုက် **https://immi.homeaffairs.gov.au/help-support/departmental-forms** သို့ သွား၍ ဖတ် ရှု နိုင်သည်။

## အမည်ခံ နည်း အတော်အတန် အသုံးပြုခြင်း

တာဝန်ကျ အရာ ရှိ သည် သင် မည်သူမည်ဝါ ဖြစ်သည်ကို သိ ရှိ နိုင် ရန် သင်နှင့် ပတ်သက်သည့်အကြောင်း အရာများ မပျက်စီး မဆုံးရှုံး ရလေ အောင် အတော် အတန် အမည်ခံ နည်းဖြင့် ရ ယူ နိုင်သည်။

အကယ်၍ သင် သည် အသက် (၁၈)နှစ်အောက် အသက်မပြည့်သေးသူ ဖြစ်လျှင်၎င်း၊ အစွမ်းအစ မရှိ သူ ဖြစ်လျှင် ၎င်း၊ အတင်း အမည်ခံ နည်း ကို အသုံး ချ မည် မဟုတ်ပါ။ သင်မည်သူ မည်ဝါ ဖြစ်သည်ကို ရ ရှိ နိုင် ရန် လက်မှတ် ထိုး ခိုင်းမည် ဖြစ်သည်။[3]

အတင်း အမည်ခံနည်းကို မည်သည့် အခါတွင် အသုံးပြု မည် နည်း

- မည်သူမည်ဝါ ဖြစ်သည်ကို စစ်ဆေးခြင်း မခံခဲ့လျှင် ၎င်း
- အတင်းအမည်ခံနည်းက လွဲ ၍ နည်းမျိုးစုံ ကို အသုံး ချ ပြီး နောက်၎င်း
- အတင်းအမည်ခံ နည်းလမ်း သုံး နိုင် ရန် အထက် အရာ ရှိ ရဲ့ ခွင့် ပြု ချက် ရ ယူ ပြီး နောက် [4]

## သင်၏ အခွင့်အရေးများ

အကယ် ၍ သင် ၏ ပုဂ္ဂလိက အကြောင်းအချက် များ ကို ဌါန မှ ကိုင်တွယ် ခြင်းသည် ဩစတြေးလျ ပုဂ္ဂလိက လုံခြုံရေး မူဝါဒ အရ လုပ်ကိုင်ဆောက်ရွက်သင့် သည် တာဝန်ယူမှု ဖီဆန် သည်ဟု ယုံကြည်ခဲ့သော်၊ ပုဂ္ဂလိက လုံခြုံရေး နှင့် ပတ်သက် ၍ တိုင်ကြားချက် ကို ဤ ဝဘ်ဆိုက်တွင် တိုင် ကြား နိုင်သည်။

အွန်လိုင်း ပေါ်တွင် ဖေါင်ပုံစံ ကို ဤ ဝဘ်ဆိုက်တွင် ဖြည့် နိုင် သည်။
**https://www.homeaffairs.gov.au/help-and-support/departmental-forms/online-forms/complaints-compliments-and-suggestions**

ပို့ ရမည့် လိပ်စာ

Department of Home Affairs
GPO Box 241
Melbourne VIC 3001
Australia

သင်၏တိုင်ကြားချက် ကို စုံစမ်းမည် ဖြစ်ပြီး၊ ရ လဒ်များ ကို အကြောင်းကြားမည်။ ဌါန ၏ ပြန်ကြားချက် ကို ကျေနပ်မှု မ ရှိပါက ပုဂ္ဂလိက လုံခြုံရေး နှင့် ပတ်သက် ၍ တိုင်ကြားချက် ကို ဩစတြေးလျ ပြန်ကြားရေး ကော်မရှင် ရုံး Office of the Australian Information Commissioner (OAIC) သို့ တိုင်ကြား နိုင်သည်။(OAIC) ဩစတြေးလျ ပြန်ကြားရေး ကော်မရှင် ရုံး သို့ မည်ကဲ့ သို့ တိုင်ကြား ရမည်၊ (OAIC) က ပုဂ္ဂလိက လုံခြုံရေး တိုင်ကြားချက်များ ကို မည်ကဲ့သို့ စုံစမ်းပြီး ဖြေရှင်းပေး သည် ဆိုသည့် အကြောင်း အရာများ ကို (OAIC) ၏ ဝဘ်ဆိုက် သို့သွားရောက်လေ့လာ နိုင်သည်။ **https://www.oaic.gov.au/privacy/privacy-complaints/lodge-a-privacy-complaint-with-us/** သို့မဟုတ် OAIC ကို ဖုံးနံပါတ် 1300 363 992 (တနင်္လာ မှ ကြာသပတေး နေ့ အတွင်း ၊ နံနက် ၁ဝနာရီ မှ ညနေ ၄ နာရီ AEST/AEDT) အချိန်အတွင်း ဆက်သွယ်နိုင်သည်။

သို့မဟုတ် ဓနသဟာယ အထူးသီးသန့်လွတ်လပ်စွာ စုံစမ်းပိုင်ခွင့်ရှိသည့် အာဏာပိုင် အဖွဲ့ ဝဘ်ဆိုက် **www.ombudsman.gov.au/contact** သို့သွား ၍ အွန်လိုင်း ပေါ်တွင် ပေးထား သော ဖေါင် ပုံစံ ကို ဖြည့် ၍ တိုင်ကြား နိုင်သည်။

သို့မဟုတ် အချိန် မရွေး အခမဲ့ ဆက်နိုင်သည့် နံပါတ် 1300 362 072ကို ဆက် နိုင် သည်။

| | |
|---|---|
| ***မှု ရင်းစာမျက်နှာ အထွေထွေ စုံစမ်း ရန်*** | **www.homeaffairs.gov.au**<br>တယ်လီ ဖုံး နံပါတ် **131 881** ကို ရုံး ချိန် အတွင်း အော်ပရေတာ နှင့် ဆက်သွယ် နိုင်ပြီး၊ (ရုံးချိန် ပြင်ပ တွင် ကြိုတင် ပြောဆို ထည့်သွင်းထားသည့် အကြောင်းအရာများကို ကြား နိုင်သည်။ ) သင် သည် ဩစတြေး လျ နိုင်ငံပြင်ပ တွင် ရှိပါ က အနီး ဆုံး ဩစတြေးလျ သံ ရုံး နှင့် အဆက် အသွယ်ပြု ပါ။ |

---

[1] လူဝင် ကြီးကြပ်ရေး အက် ဥပဒေ (s.5(1)) အရ 'တာဝန်ကျ အ ရာရှိ' ဟူသည် မှာ ၎င်းလုပ်ငန်းနှင့် ပတ်သက်၍ ဝန်ကြီး သို့မဟုတ် ဌါနဆိုင် ရာအကြီးအကဲ ထံ မှ စာဖြင့် ခွင့်ပြုချက် ရ ရှိထားသူ ကို ဆို လိုသည်။ လူဝင်မှု ကြီးကြပ်ရေး (s.5(1)), အက်ဥပဒေ အရ အရာ ရှိ ဆိုသည်မှာ

- i လူဝင်မှု ကြီးကြပ်ရေး ဌါနမှ အရာ ရှိ ဖြစ်ပြီး၊ ဝန်ကြီး က စာ ဖြင့် အခြား အရာ ရှိ ကိုရည်ညွှန်းမှ သာလျှင်။
- ii တဦးသောသူ၊ ဝန်ကြီး က စာဖြင့် မည်သူ ဖြစ်သည်ကို ရည်ညွှန်းမှ သာလျှင်
  - (က) အခွန်ကြီးကြပ်ရေးဆိုင် ရာ အက်ဥပဒေ *Customs Act 1901* (၁၉ဝ၁ အကောက်ခွန်ကြီးကြပ်ရေး အက် ဥပဒေ); သို့မဟုတ်
  - (ခ) လုံခြုံရေး အရာ ရှိသည် ဩစတြေးလျ လုံခြုံရေး အက် ဥပဒေအတွက်ဖြစ်သည်။ *Australian Protective Service Act 1987* (၁၉၈၇ခု နှစ် ဩစတြေးလျ လုံခြုံရေး အက် ဥပဒေ);
  - (ဂ) ဩစတြေးလျ ပြည်ထောင်စု အဆင့် ဆိုင် ရာ ရဲ သို့ မဟုတ် ပြည်နယ် သို့မဟုတ် ဒေသအဆင့် ဆိုင် ရာ ရဲ တပ်ဖွဲ့၊ သို့ မဟုတ်
  - (ဃ) ဤ အက်ဥပဒေ နှင့် ပတ်သက် ၍ ဆောင် ရွက် ရန် အတွက် ဝန်ကြီး က စာဖြင့် ရေး၍ ခွင့်ပြု ထားသူ
  - (င) လူဝင်မှု ကြီးကြပ်ရေး အက် ဥပဒေ ဆောင် ရွက် ရန် အတွက် သတ်မှတ်ထား သည့် ပုဂ္ဂိုလ် အုပ်စုများ တွင် ထည့်သွင်းထားသည့် ပုဂိုလ်များ၊ ခွင့်ပြုချက်ပေး ပြီးသည့် နောက် ၎င်း အုပ်စုတွင် ပါဝင်လာသူများ

[2] လူဝင်မှု ကြီး ကြပ်ရေး (s.5(1)), အက် ဥပဒေ အောက် တွင် 'သီးသန့်လွတ်လပ်သည့် ပုဂိုလ်'ဟူ သည်မှာ (အရာ ရှိ နှင့် တာဝန်ကျ အရာ ရှိ မဟုတ်သူ)ကို ဆိုလိုသည်

- (က) ၎င် အနေဖြင့် နိုင်ငံသား မဟုတ်သူ အကျိုးငှါ ဆောင် ရွက်ပေး နိုင်သူ ဖြစ်ပြီး၊ ၎င်းက မည်သူ မည်ဝါ ဖြစ်သည်ကို စီစစ်ရာတွင် ပါ ဝင်နိုင်သူကို ဆိုလိုသည်
- (ခ) ၎င်းသည် စီစစ်ခံနေရ သည့် နိုင်ငံသား မဟုတ်သူ က လက် ခံ နိုင်သူ၊ မည်သူမည်ဝါ ဖြစ်သည် ကို စီစစ်ရာတွင် အကြောင်း အရာများ ကို ပေး နေမှု
- (ဂ) နိုင်ငံသား မဟုတ်သူ သည် ကလေး ဖြစ်ခဲ့ လျှင်၊ ၎င်းကလေး အတွက် အကျိုး ပြု နိုင်သူ ဖြစ် ရမည်။

[3] အက်ဥပဒေ အပိုင်း (s.5(1)), 'အစွမ်း မရှိသူ' ဆိုသည်မှာ မိ မိ မည်သူမည်ဝါ ဖြစ်သည် ဆို သည့် စီစစ်ချက် အကျိုး အမြတ်ကို ယေဘူယျ အားဖြင့် နားလည်မှု မရှိသူ ကို ဆိုလိုသည်

[4] အက်ဥပဒေ အပိုင်း (s.261AK(10)), 'အထက် အရာ ရှိ' ဆိုသည် မှာ ဝန်ကြီး ဌါန မှာ ခွင့်ပြုချက်အမိန့် ရထားသူ သို့မဟုတ်ခွင့်ပြုချက် ရ ရှိ ထားသည့် အုပ်စု တွင် ပါ ဝင်သူ ကို ဆို လိုသည်။


© COMMONWEALTH OF AUSTRALIA, 2021